ရက်ပေါင်းလေးဆယ်တိုက်ပွဲကြီးဟာ ၁၉၇၁-ခုနှစ်၊ နိုဝင်ဘာလ (၂၀)ရက်နေ့မှ ဒီဇင်ဘာလ(၁၈)ရက်နေ့ အထိ ဖြစ်ပွားခဲ့သော သမိုင်းဝင် တိုက်ပွဲကြီးဖြစ်၊ ရန်သူ ဗမာကွန်မြူနစ်ပါတီ(ဗကပ) တို့ရဲ့လူ၊ လက်နက် အင်အားဟာ မိမိတပ်မတော် အင်အားထက် ဆယ်ဆသာလွန်ခဲ့။

တိုက်ပွဲကြီးဖြစ်ပွားနေစဉ်ကာလ (၅-၁၂-၇၁)ရက်နေ့မှာ ထိုစဉ်က တပ်မတော် ဒုတိယကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစန်းယု ကိုယ်တိုင် ရှေ့တန်းစစ်မျက်နှာ (နားတီးစခန်း)သို့ ရောက်ရှိလာပြီး ရှေ့တန်း တပ်များနဲ့ တိုက်ပွဲအခြေအနေကို စစ်ဆေး ကြည့်ရှုအားပေးရင်း "ငါတို့ တပ်မတော်ဟာ ဂျပန်နဲ့ တိုက်တုန်းကရော၊ တရုတ်ဖြူနဲ့ တိုက်တုန်းကပါ ဘယ်တုန်းကမှ မညံ့ခဲ့ဘူးကွ၊ ခုမင်းတို့အလှည့်ပဲ" ဟုမိန့်ကြားခဲ့။

ထိုစဉ်က တပ်မ(၇၇)တပ်မမှူး ဗိုလ်မှူးကြီးပေါလ်ထွန်းရှိန်၊ ခြေမြန် တစ်ရာငါး လက်ဦးမိုးဆက် လည်းဖြစ်၊ စစ်ဆင်ရေးတွေမှာ နပိုလီယံလို့ ကျော်ကြားတဲ့ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးထွန်းရီ (ဒုတိယဗိုလ်ချုပ်ကြီး ထွန်းရီ-ငြိမ်း)နဲ့ စာရေးဦးလှသောင်းတို့ရဲ့ ကိုယ်တိုင်ရေးအမှာစာများ။

"ဒီတိုက်ပွဲဟာ ဘုရင့်နောင် ဖောင်ဖျက်တဲ့ပွဲပဲဗျ"

ကွမ်းလုံစစ်မျက်နှာကို အနီးကပ်ကွပ်ကဲဖို့ တာဝန်ယူခဲ့သူ ဗိုလ်မှူးကြီးထွန်းရီ (ဒုတိယဗိုလ်ချုပ်ကြီး-ငြိမ်း) ရဲ့မှတ်ချက်များ။

"ခမရ(၁၀၅)ရဲဘော်တို့၏ စွန့်လွှတ်စွန့်စားသော စိတ်ဓာတ်တို့မှာ အံ့မခန်းစရာပါပေ"

ခြေမြန်(၁၀၅)ကို ဂုဏ်ပြုကျေးဇူးဆပ်ချင်လို့ တိုက်ပွဲဝင်အကြပ် စစ်သည်များရဲ့ စွမ်းဆောင်ချက်များကို အသားပေးမှတ်တမ်းတင်ထား။

တဆင့်စကားများနဲ့ ဌာနအစီရင်ခံစာ မိတ္တူပွားအချက်အလက်များကို ကိုးကားမထား။

သက်ရှိထင်ရှားတိုက်ပွဲဝင်စစ်သည် ဟောင်းကြီးများ ကိုယ်တိုင်အရှင်လတ်လတ် ရေးမှတ်ထား။

ကိုယ်တိုင် စစ်မြေပြင်ရောက်နေသလို မြင်လိုက်တာနဲ့ ချက်ချင်းသဘော ပေါက်စေမယ့် မြေပုံ၊ ဂရပ်ဖစ် တွေနဲ့ မှတ်တမ်းဓာတ်ပုံ(၈၉)ပုံ။

အမှန်တရားကို မြတ်နိုးသူများနဲ့ သင်ခန်းစာလိုလားသူများအတွက် နိုင်ပွဲတွေရော၊ ရှုံးပွဲတွေပါ မခြွင်းမချန်။

အကောင်းဆုံးဟင်းလျာများနဲ့ အမြန်ဆုံးသုံးဆောင်ပြီးတဲ့အခါ ဝင်းမှည့်ရွှန်း စိုလှတဲ့သစ်သီးမျိုးစုံနဲ့ အချိုတည်းလိုက်ရသလို————

စာအုပ်ရဲ့နိဂုံးအပိုင်း(၃)မှာတော့ ပဲရီးဖိုက်(ခြေမြန်-၁၀၅)တို့နဲ့ နီးနီး ဝေးဝေး ဆက်စပ်ကူပံ့စွမ်းဆောင် ခဲ့ကြတဲ့ အမြောက်တပ်ခွဲ၊ ခမရ(၁၀၂)၊ ခလရ (၆)၊ ခလရ(၂) စတဲ့တပ်တွေက တပ်ခွဲ၊ တပ်စုမှူးနဲ့ သက်ဆိုင်သူ အချို့ရဲ့ ကိုယ်တိုင်ရေးမှတ်တမ်းတွေ၊ (၁၀၅)အိမ်ထောင်သည်လိုင်းထဲက ကွမ်းလုံ တိုက်ပွဲ၊ ကောင်းကော် ကြက်သွန်ဖြူဥကြီး လာပြီ၊ အမြောက်တပ်ဖွဲ့မှ ဖေဖေနှင့် ကွမ်းလုံရက်(၄၀)၊ မြင်ဖူးရှန်းနှင့်ရှင်မကန်မှ သတ္တိအောင်လံ (ဗိုလ်ကြီးဆွေဝင်း-ခမရ-၁၀၂)၊ လှိုင်းမန်ခါးမှသည် သူရဲကောင်းဗိမ္မာန် ဆီသို့၊ အမြောက်တပ် သမိုင်းဝင် ကွမ်းလုံတိုက်ပွဲ စတဲ့ရသမြောက်စာစုပေါင်း(၁၉)ပုဒ်က စာဖတ် ပရိသတ်တွေရဲ့ အတွေးမျှင်တန်းများကို နယ်စည်း မခြား ဆွဲဆန့်သယ်ဆောင်သွား နိုင်လိမ့်မယ်လို့ ယုံကြည်မျှော်လင့်ထားပါတယ်။